ဖေဖော်ဝါရီလ ၂၀၁၉ တွင် ထုတ်ဝေသည်။



# ရုံးပတီ နှင့် ပဲတောင့်ရှည် စိုက်ပျိုးနည်း

# ပဲတောင့်ရှည်
# စိုက်ပျိုးနည်း



## ၁ အကျဉ်းချုပ်ဖော်ပြချက်နှင့် ကြိုတင်ပြင်ဆင်ခြင်း

ပဲတောင့်ရှည်(ပဲခေါင်းပေါင်း၊ ပဲခါးပတ်) ကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးနိုင်သည်။ ယေဘူယျအားဖြင့် အပင်ပုမျိုးနှင့် အပင်ရှည်မျိုးဟူ၍ (၂)မျိုး ရှိပါသည်။ ပဲတောင့်ရှည်ကို စိုက်ပျိုးရာတွင် အပင်ရှည်မျိုးအတွက် တိုင်ဖိုးကုန်ကျမှု ရှိသော်လည်း အထွက်နှုန်း ပိုမိုခြင်း အားသာချက်ကြောင့် အပင်ရှည်မျိုးကိုသာ စိုက်ပျိုးကြပါသည်။ ဆည်ရေသောက် စပါးခင်းများ၏ ကန်သင်းများပေါ်တွင် တိုင်ထောင်ပြီး တစ်ဖက်တစ်လမ်း ဝင်ငွေရရန် အတွက်လည်း စိုက်ပျိုးကြပါသည်။ ဈေးကွက်ရှိပြီး အထွက်နှုန်း ကောင်းသော မျိုးကို ရွေးချယ် စိုက်ပျိုးသင့်ပါသည်။



## ၂ ရာသီဥတု လိုအပ်ချက်

ပူနွေးသော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ ညအပူချိန် (၁၅)ဒီဂရီအောက်တွင် အပင်ကြီးထွားမှု၊ အသီးအပွင့် ဖြစ်ထွန်းမှု နှေးစေပြီး၊ အပူချိန် (၄၀)ဒီဂရီအထက်တွင် အသီးတင်မှု လျော့နည်းတတ်သဖြင့် အထွက်နှုန်း လျော့ကျစေနိုင်ပါသည်။ ဈေးကွက်လိုအပ်ချက်များသော အချိန်ကို လေ့လာ၍ စိုက်ပျိုးခြင်းက အကောင်းဆုံးဖြစ်ပါသည်။



## ၃ မြေအမျိုးအစား လိုအပ်ချက်

အလွန်ချဉ်သော၊ ငန်သော မြေမျိုးမှလွဲ၍ မြေအမျိုးမျိုးမှာ စိုက်နိုင်ပါသည်။ ရေမဝပ်သောမြေဖြစ်ရမည်။ မြေတွင်း သစ်ဆွေးဓာတ် ရှိလျှင် ပိုမို ကောင်းမွန်ပါသည်။ မြေအချဉ်ငံဓာတ် - ပီအိပ်ချ် ၆.၀ မှ ၇.၆ အတွင်းမှာ အကောင်းဆုံး ဖြစ်သည်။ မြေငံလျှင် (ပီအိပ်ချ် ၈ နှင့် အထက်) ကျောက်မှုန့် (၁၀၀) ကီလိုကို မြေပြင်ချိန်တွင် ထည့်ပါ။

## ၄ မြေပြင်ခြင်း

ထယ်နက်နက်ထိုးပါ၊ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ ထယ်ရေးအေးစေရန်ကြိုပြင်ပါ။ဘောင်အမြင့်၊လူလျှောက်လမ်း၊ ရေသွင်း ရေထုတ်မြောင်းထားရှိရမည်။ တစ်ဧကလျှင် နွားချေးလှည်း (၁၀)စီး ထည့်ပေးပါ။

## ၅ မျိုးစေ့နှုန်းထား

အစိမ်းရောင်၊ အနီရောင်၊ အညိုရောင် ဟူ၍ အစေ့ အရောင်ကိုလိုက်၍ မျိုးကွဲများ ရှိပါသည်။ (၄)ပေအကျယ် ရှိသော ဘောင်ပေါ်တွင် ပင်ကြား ၁.၅ ပေ × တန်းကြား ၃ ပေ ထားပြီး စိုက်ပျိုးခြင်းသည် ပေါင်းရှင်းသက်သာ၍ ပိုးမွှားရောဂါများလည်း လွယ်ကူစွာ ကာကွယ် နှိမ်နင်းနိုင်သည်။ တစ်ဧကလျှင် အပင်ဦးရေ (၉၆၈၀)ရရှိရန် မျိုးစေ့ (၁၀၀) ဂရမ် ဗူးပေါင်း (၂၅) ဗူးခန့် လိုအပ်ပါမည်။

## ၆ စိုက်ဘောင်ပြင်ဆင်ခြင်း

- ထယ်ရေးညက်အောင် ထွန်ယက်ပါ၊ ပျိုးဘောင်ဖော်သော ကိရိယာနှင့် ဘောင်ဖော်နိုင်သည်။
- ဘောင်အကျယ် ၄ ပေ၊ ရေသွင်းမြောင်း (သို့) လျှောက်လမ်း (၂) ပေ အကျယ်ဖော်ပါ။
- ဘောင်အမြင့်ကို (၁၀ – ၁၂လက်မ)ထားရမည်။ ရေဝပ်မြေဆိုလျှင် ဘောင်ပိုမြှင့်ပေးရန် လိုအပ်သည်။

**အပင်ဦးရေနှင့် ပင်ကြား တန်းကြား အကွာအဝေး**

၃ပေ (တန်းကြား) × ၁.၅ပေ (ပင်ကြား) – တစ်ဧက အပင်ဦးရေ – ၉၆၈၀ ပင်

## ၇ စိုက်ပျိုးခြင်း

- ပဲတိုင်ထောင်သည့် အပင်ပေါက်အားကောင်းသဖြင့် တစ်ကျင်းလျှင် မျိုးစေ့ တစ်စေ့နှုန်းဖြင့် စိုက်ပျိုးနိုင်သည်။
- စိုက်ကျင်းအနက် (၂) လက်မတွင် မျိုးစေ့ထည့်ပေးပါ။
- တစ်ပတ်အတွင်း အပင်ပေါက် စုံလာချိန်တွင် မပေါက်သော၊ အသေပျောက်ရှိသော ကျင်းများတွင် ဖာပေးပါ။

## ၈ ဓာတ်မြေဩဇာထည့်သွင်းခြင်း

**တစ်ဧကတွင် ထည့်သွင်းရမည့် မြေဩဇာနှုန်းထားများ**

| မြေဩဇာအမျိုးအစား | စိုက်ဘောင်ဖော်ချိန် | စိုက်ပြီး (၁) လ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|
| ပုလဲ | ၂၅ ကီလို | ၂၅ ကီလို | ၅၀ ကီလို | စိုက်ဘောင်ဖော်ချိန်တွင် ဖြူးပြီး မြေပြန်ဖုံးပေးပါ။ အပင်ဖြစ်ထွန်းချိန်တွင် ကျင်းဖောက်ကျွေးပါ။ |
| တီစူပါ | ၅၀ ကီလို | | ၅၀ ကီလို | စိုက်ဘောင်ဖော်ချိန်တွင် ဖြူးပြီး မြေပြန်ဖုံးပေးပါ။ |
| ပိုတက်ရှ် | ၂၅ ကီလို | | ၂၅ ကီလို | စိုက်ဘောင်ဖော်ချိန်တွင် ဖြူးပြီး မြေပြန်ဖုံးပေးပါ။ |
| လက်ချား | | | ၆၀ ကျပ်သား | ပန်းပွင့်ချိန်၊ သီးကင်းဝင်းချိန်တွင် ပုလဲနှင့် ရော၍ ဖျန်းပါ။ အသေးစိတ်ကို နံပါတ် (၁၀)တွင် ကြည့်ပါ |

မှတ်ချက် – ကျောက်မှုန့်နှင့် တီစူပါ (ဖော့စဖိတ်မြေဩဇာ) ကို မည့်သည့်အချိန်တွင်မျှ ရောမကျွေးရ။

## ၉ မြေဩဇာကျွေးပုံ

ကျောက်မှုန့်တို့ကို ထွန်ယက်ချိန်၊ တီစူပါ နှင့် ပိုတက်ကို ဘောင်ဖော်စဉ်ထဲက ထည့်ကျွေးပေးပါ။ ပုလဲကိုမူ စိုက်ဘောင် ဖော်ချိန်နှင့် စိုက်ပြီး သက်တမ်း(၁)လသားတွင် ကျွေးပေးပါ။

ပုလဲမြေဩဇာကျွေးရာတွင် အပင်မှ ၆ လက်မခန့် အကွာတွင် ၆ လက်မအနက် ကျင်းတူးကျွေးပါက အကောင်းဆုံးဖြစ်သည်။အငွေ့ပြန် ဆုံးရှုံးခြင်းများ၊ လေလွင့်ခြင်းများ မဖြစ်ပေါ်စေဘဲ ပဲပင်၏အမြစ်မှ တိုက်ရိုက်စားနိုင်စေရန်ဖြစ်သည်။

မှတ်ချက် – မည်သည့်အပင်ကိုမဆို အမြစ်ခြေသို့ မြေဩဇာထည့်ပေးခြင်းကိုရှောင်ပါ။ အပင်လောင်တတ်သည်။ မြေဩဇာကျွေးပြီးလျှင် ပြီးခြင်း ရေသွင်းပေးပါ။



# ၁၀ ဒုတိယအများလိုနှင့် အနည်းလို အာဟာရဓာတ်များ

ပဲတိုင်ထောင် အထွက်ကောင်းစေရန်အတွက် နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်ဆီယမ်ပါသော မြေသြဇာအပြင် ကယ်လဆီယမ်နှင့် မဂ္ဂနီဆီယမ် မြေသြဇာ (ဆားခါး)၊ ဇင့်၊ ဘိုရွန်(လက်ချား) ရွက်ဖျန်းမြေသြဇာများကို ဖျန်းပေးရန် လိုအပ်သည်။

ပဲတောင့်ရှည်သည် အခြားပဲမျိုးရင်းဝင် အပင်များကဲ့သို့ ရွက်ဖျန်းမြေသြဇာ တုန့်ပြန်မှု အားကောင်းသဖြင့် အပင်နှင့် အသီးအပွင့်အားပေးသော ရွက်ဖျန်း မြေသြဇာများကို သက်တမ်းတလျောက် (၅)ကြိမ်ခန့် ဖျန်းပေး နိုင်ပါက အထွက်ကောင်း ပိုမို ရရှိနိုင်သည်။

တောင်သူအလွယ်တကူ ပြုလုပ်နိုင်သည့် ရွက်ဖျန်းအားဆေးအဖြစ် ဆေးဖြန်းပုံးတစ်ပုံးလျှင် ပုလဲ (၁၄)ဇွန်း၊ လက်ချား (၄)ဇွန်းနှုန်းဖြင့် ရောစပ်၍ အသီးပွင့်ကာလတစ်လျောက်လုံး တစ်ပတ်လျှင် တစ်ကြိမ် ပက်ဖျန်းပါက အသီးအထွက်နှုန်း ပိုမို တိုးပွားစေနိုင်ပါသည်။





# ၁၁ ရေသွင်းခြင်း

- သွင်းရေသည် ဆားဓာတ်မများရန် လိုအပ်သည်။
- ဆားဓာတ်အညွှန်းကိန်းတန်ဖိုး (၁၅၀၀ µS/cm) ထက်မများသောရေဖြစ်ဖို့ရန် လိုအပ်သည်။
- အပင်သက်တမ်းတစ်လျှောက် ရေကို လိုအပ်သလို သွင်းပေးရန်လိုအပ်သည်။
- ရေဝပ်တတ်လျှင် မြေပြင်ချိန်ကတည်းက ရေနုတ်မြောင်းများ ထားပေးရမည်။

## ရေအစက်ချ ရေသွင်းနည်းစနစ်ဖြင့် ရေသွင်းပေးခြင်း

| အပင်ကြီးထွားမှုအဆင့် | တစ်ပင်လျှင် တစ်နေ့တာ ရေလီတာ လိုအပ်မှု | ရေသွင်းရန်ကြာချိန် (ရေအစက်ချ ခေါင်းတစ်ခုမှ တစ်နာရီ ရေ(၂)လီတာ ထွက်လျှင်) |
|---|---|---|
| ပင်ပိုင်းကြီးထွားချိန် | ၂.၄ လီတာ | ၇၅ မိနစ် |
| ပန်းပွင့်ချိန်နှင့် အသီးသီးချိန် | ၇.၆ လီတာ | ၂၂၈ မိနစ် |

ရာသီဥတု၊ မြေအမျိုးအစားနှင့် ရေသွင်းစနစ်ပေါ် မူတည်၍ ရက်အပိုင်းအခြား အလိုက် ပုံမှန် ရေပေးသွင်းရမည်။ ပိုမိုကောင်းမွန်သော ရေသွင်းနည်းစနစ်များ အသုံးချခြင်းဖြင့် ရေကို ချွေတာနိုင်သည့်အပြင် ထိထိရောက်ရောက် အသုံးချရာ ရောက်ပေသည်။ ရေအစက်ချပိုက်သုံး၍ ရေသွင်းခြင်းမှာ အကောင်းဆုံးဖြစ်ပြီး အထွက်နှုန်း တိုးစေခြင်းနှင့် ရေကို ၇၀ – ၈၀ ရာခိုင်နှုန်း အထိ လျှော့ချနိုင်သည်။



## ရေအစက်ချပိုက် အသုံးပြု၍ ရေသွင်းနည်း

အပင်အမြစ်ဆီသို့ ရေတိုက်ရိုက် ရရှိစေရန် ဖိအားအနည်းငယ်အသုံးပြု၍ ရေသွင်းနည်း စနစ်ဖြစ်သည်။ ၎င်းနည်းစနစ်သည် မြေအောက်ရေကို ချွေတာသုံးစွဲရာ ရောက်ပြီး၊ မြေကိုလည်း ထိထိရောက်ရောက် အသုံးချရာ ရောက်သည်။

အပင်အမြစ်ရှိရာသို့ ရေပေးနည်းစနစ်ဖြစ်ခြင်းကြောင့် မြေမျက်နှာပြင်မှ ရေငွေ့ပြန်မှု လျော့နည်းစေခြင်း၊ ရေပိုစီးဆင်းပျောက်ဆုံးမှု လျော့နည်းစေခြင်း၊ မြေတွင်းသို့ စိမ့်ယို ပျောက်ဆုံးမှု နည်းခြင်းတို့ကြောင့် သမရိုးကျ ရေသွင်းနည်းစနစ်ထက် ရေကို ၆၀ % ထိ ချွေတာနိုင်သည်။

| အကျိုးကျေးဇူးများ | အားနည်းချက်များ |
| --- | --- |
| ◆ ရေငွေ့ပျံ ပျောက်ဆုံးမှုနှင့် ဓာတ်မြေသြဇာ ယိုစိမ့်မှုနည်းခြင်း<br>◆ ညီညာသော ရေပေးဝေမှုရှိခြင်း မြေအနက်ထဲသို့ ယိုစိမ့်မှု နည်းခြင်း<br>◆ မြေမျက်နှာပြင် ညီညာရန် မလိုအပ်ခြင်း<br>◆ မြေအတန်းစား အမျိုးမျိုးနှင့် သီးနှံအမြစ် ဆင်းမှုပုံစံ အမျိုးမျိုးတွင် လိုက်ဖက်မှုရှိခြင်း<br>◆ အမြစ်ဇုံတွင် အစိုဓာတ်ကို ထိန်းထားနိုင်ခြင်း<br>◆ ပေါင်းပေါက်ရောက်မှုကို လျော့နည်းစေခြင်း<br>◆ အခြင်းရေသွင်းနည်းစနစ်ထက် လုပ်အား ကုန်ကျမှု သက်သာခြင်း | ◆ အရင်းအနှီးစရိတ် ကုန်ကျမှုများခြင်း<br>◆ နေအပူဒဏ်ကြောင့် ပိုက်သက်တမ်း လျော့နည်းခြင်း<br>◆ ရေစစ်အသုံးမပြုလျှင်၊ ပုံမှန်ထိန်းသိမ်းမှု မရှိလျှင် ပိုက်များတွင် ပိတ်ဆို့မှု ရှိခြင်း<br>◆ ရိတ်သိမ်းပြီးနောက်တွင် ရေအစက်ချပိုက်ကို သန့်ရှင်းရသည့် အတွက် အပို ကုန်ကျခြင်း<br>◆ သေချာတပ်ဆင် အသုံးမပြုလျှင် ရေ၊ အချိန် အလဟဿ ဖြစ်ခြင်း |



တပင်တိုင် စနစ်



မျက်နှာချင်းဆိုင် (၂)တိုင်ပူး စနစ်

## ၁၂ တိုင်ထောင်ပေးခြင်း

မျိုးစေ့ချပြီး ၁၅ - ၂၀ ရက်သားတွင် အရှည် (၇) ပေခန့် ရှိသော ဝါးတိုင်၊ သစ်ကိုင်းများကို ပဲပင်ဘေးတွင် တည့်တည့် ထောင်မတ်ပေးခြင်းဖြင့် လည်းကောင်း၊ မျက်နှာချင်းဆိုင်မှ တိုင်နှင့်တွဲ၍ ဘုရားရှိခိုး ပုံစံမျိုး တွဲထောင်ခြင်းမျိုးများ ပြုလုပ်နိုင်ပါသည်။ (ထောင်မည့် သစ်ကိုင်းများ၏ ဘေးတက်များ မချိုင်ပါက အခက်အလက်များ ရှုပ်ထွေးပြီး ပိုးမွှား ရောဂါများ ပိုမို ကျရောက်နိုင်ပါသည်။)

## ၁၃ ပေါင်းနှိမ်နင်းခြင်း

ထယ်ရေးနက်နက်နှင့် များများထွန်နိုင်လျှင်ပေါင်းပေါက်ရောက်မှု လျော့နည်းသည်။ ပေါင်းသတ်ဆေး သုံးခြင်းထက် မြေဆွပေါင်းရှင်းစက်၊ လူဖြင့် ရှင်းလင်းခြင်းကို ဆောင်ရွက်သင့်သည်။ ပလက်စတစ် ဖုံးအုပ် စိုက်ပျိုးခြင်းဖြင့်လဲ ပေါင်းကို နှိမ်နင်းနိုင်သည်။ စိုက်ပြီး (၁၅)ရက်မှ ရက် (၂၀)အတွင်း တိုင်မထောင်မီ ပေါင်း၊ မြက်ကင်းစင်အောင် ဆောင်ရွက်ပါ။

# ၁၃ ကျရောက်တတ်သောပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းခြင်း

မိုးအုံ့ စိုစွတ်သောရာသီနှင့် ရာသီဥတု အကူးအပြောင်းများသော အချိန်တွင် ကျရောက်မှုများသည်။ အပင်ငယ်စဉ် ပျပိုးနှင့် ရွက်ထွင်းပိုး၊ ရွက်ဖောက်ကျိုင်းများ ကျရောက်လေ့ရှိပြီး တမာပိုးသတ်ဆေးနှင့် စားသေ၊ ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးများ ပက်ဖျန်းကာကွယ်ပါ။

မှတ်ချက် - ပင်လုံးပြန့်ပိုးသတ်ဆေး တစ်မျိုးတည်းကိုသာ စွဲမြဲသုံးစွဲခြင်း မပြုလုပ်သင့်ပါ။ ထိုကဲ့သို့ သုံးစွဲခြင်းသည် ပိုးများကို ဆေးယဉ်ပါးမှု ဖြစ်စေသောကြောင့် အခြားစားသေ၊ အဆိပ်ငွေ့အာနိသင်ရှိ ဆေးများကို အလှည့်ကျ သုံးစွဲပေးပါ။ ထို့အပြင် မလိုအပ်ပဲ ဆေးဖျန်းခြင်း၊ ဆေးနှုန်းထားလျှော့၍ အနှံ့ပေးရုံ ဖျန်းခြင်းများသည်လည်း ပိုးများ၏ ဆေးယဉ်ပါးမှုကို ဖြစ်စေသဖြင့် ရှောင်ကြဉ်သင့်ပေသည်။




အပင်ငယ်စဉ် ပျပိုး ကျရောက်နေပုံ



ယင်ဖြူ



လေ့ပိုး



သီးလုံးဖောက်ပိုး



ငမြှောင်တောင်

ပန်းပွင့်ချိန်၊ သီးတောင့်ဖြစ်ထွန်းချိန်တွင် ငမြှောင်တောင်၊ သီးလုံးဖောက်ပိုး၊ ပျပိုးများ ကျရောက်လေ့ရှိသည်။

- စုပ်စားပိုးများဖြစ်သော(ယင်ဖြူ၊ လေ့ပိုး၊ ပျပိုး)များကျရောက်လျှင်(အင်မီဒါကလိုပရစ်၊ ကလိုရိုပိုင်ရီဖော့၊ ဗီပရိုနေး၊ အဆီတာမီပရစ်)စသော ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် နှိမ်နင်းနိုင်သည်။
- ရွက်ထွင်းပိုးများအတွက် အဘာမက်တင်၊ ပရိုပီနိုဖော့ စသော ပိုးသတ်ဆေးများ သုံးပါ။
- ကိုက်ဖြတ်စားသောက်တတ်သော(ငမြှောင်တောင်၊ သီးလုံးဖောက်)ပိုးများကျလျှင် (အီမာမက်တင်ဘန်ဇိုအိတ်၊ ကလိုရန်ထရန်နီပရိုး၊ အင်ဒိုဇာကာ့ဘ်၊ လန်ဗဒါဆိုင်လိုသရင်း) စသော ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် (၂)ပတ် တစ်ကြိမ် ဖျန်းပေးပါ။

မှတ်ချက် - ပဲတောင့်ရှည်သည် (၁-၂)ရက် ခြား တစ်ကြိမ်ခူးဆွတ်ရသော သီးနှံ ဖြစ်သောကြောင့် စားသုံးသူအတွက် ပိုးသတ်ဆေး ဓာတ်ကြွင်း အန္တရာယ် ကင်းရှင်းစေရန် ပိုးသတ်ဆေး အလွန်အကျွံသုံးခြင်း၊ ဓာတုဆေးတစ်မျိုးတည်းကိုသာ အသုံးပြုခြင်း စသော အလေ့အထများကို ရှောင်ကြဉ်သင့်သည်။ အသီးခူးဆွတ်ပြီးမှ ဆေးဖျန်းခြင်း တမာပိုးသတ်ဆေးနှင့် အခြားသဘာဝ ပိုးသတ်ဆေးများကို အပင်ငယ်စဉ်ကတည်းက ကြိုတင်ကာကွယ် ပက်ဖျန်းခြင်းမျိုး ဆောင်ရွက်သင့်သည်။

# ၁၄ အရောင်ကဒ်များဖြင့် ပိုးထောင်ချောက်ပြုလုပ်ခြင်း

အရောင်ကဒ်ပြားထောင်ချောက်များ (ပိုးများကို အရောင်နှင့် စွဲဆောင်၍ ကဒ်တွင်ပါရှိသော ကော်ဖြင့် ပိုးမွှားကို ကပ်စေသောကဒ်ပြား) အသုံးပြု၍လည်း ကာကွယ်နှိမ်နင်းနိုင်ပါသည်။ ပိုးကျရောက်မှု လျော့နည်းရုံသာမက ဆေးဖိုးကုန်ကျစရိတ်လည်း လျော့ချနိုင်ပါသည်။ တိုင်ထောင်ပြီးချိန်တွင် တိုင်တွင် တွဲလဲ ချည်ထားနိုင်သည်။



### အဝါရောင်ပိုးထောင်ချောက်

ယင်ဖြူ၊ လေ့း၊ ရွက်ထွင်းပိုး၊ ပျ၊ ဖြုတ်စိမ်း နှင့် ဖြုတ်ညိုပိုး တို့အတွက် အသုံးပြု နိုင်သည်။



### အပြာရောင်ပိုးထောင်ချောက်

ဖြုတ်စိမ်း၊ လေ့း၊ သီးထိုးယင် နှင့် အခြားသောယင်အမျိုးမျိုး တို့အတွက် အသုံးပြုနိုင်သည်။

ဖားဥမှို



သံချေး ရွက်ပြောက်



# ၁၄ ရောဂါကာကွယ်နှိမ်နင်းခြင်း

ဖားဥမှို ရောဂါအတွက် ခရီဆိုဆီမီသိုင်း၊ ဟက်ဇာကွန်နာဇိုး မှိုသတ်ဆေးများနှင့် ရွက်ပြောက်၊ သံချေးရောဂါများ ကျရောက်လျှင် ဆိုင်မောက်စနေး၊ ဒိုင်ဖန်ကိုနာဇော စသော မှိုသတ်ဆေးတစ်မျိုးမျိုးနှင့် ရောဂါအခြေအနေပေါ် မူတည်၍ (၁၀ - ၁၅) ရက် ခြား တစ်ကြိမ် ဖျန်းပါ။ နှိမ်နင်းနိုင်သည်။

ပိုးသတ်ဆေးနှင့် အခြားစိုက်ပျိုးရေးသုံးဆေးများ စနစ်တကျ ကိုင်တွယ် အသုံးပြုခြင်း

- ပိုးသတ်ဆေးဗူးမှာ ဖော်ပြထားသောအညွှန်း၊ ဆေးနှုန်းထားအတိုင်း လိုက်နာဆောင်ရွက်ပါ။
- လေပြင်းတိုက်ချိန်၊ မိုးရွာချိန်၊ နေပူလွန်းသောအချိန်တွင် ဆေးမဖျန်းရ။
- ဆေးဖျန်းလျှင် အခင်း၏ လေအောက်ပိုင်းမှစ၍ ဖျန်းပါ။
- ဆေးဖျန်းသူက လေအထက်မှနေ၍ ဖျန်းပါ။
- ဆေးဖျန်းသူသည် နှာခေါင်းစည်း၊ လယ်ရှည်ဖိနပ်၊ လက်အိတ်၊ ဦးထုပ်၊ အင်္ကျီလက်ရှည် ဝတ်ပြီးမှ ဖျန်းပါ။
- ဆေးဖျန်းပြီး မခူးဆွတ်မီ စောင့်ရမည့်ရက် ( PHI ) ပြည့်ပြီးမှသာ သီးနှံများကို ခူးဆွတ်ပါ။ (ဆေးဗူးပေါ်တွင် ၎င်းရက်စွဲကို ရေးထားလေ့ရှိသည်။)
- အသုံးပြုပြီးသော ပိုးသတ်ဆေးဗူးခွံနှင့် အိတ်များကို ဖျက်ဆီးခြင်း၊ မြေမြှုပ်စွန့်ပစ်ခြင်းများ ပြုလုပ်ပါ။
- ပိုးသတ်ဆေးများကို ကိုင်တွယ်ပြီးလျှင် လက်နှင့် မျက်နှာကို ဆေးကြော သန့်စင်ပြီးမှသာ အစာစားခြင်း၊ ဆေးလိပ်သောက်ခြင်း ပြုလုပ်ပါ။



## ၁၅ ခူးဆွတ်ရိတ်သိမ်းခြင်း

စတင်စိုက်ပျိုးပြီး (၄၅)ရက်သားခန့်တွင် စတင် ခူးဆွတ်နိုင်သည်။ တစ်ခါခူးဆွတ်လျှင် တစ်ဧကလျှင် ပိဿာချိန် ၁၀၀ ခန့် ရရှိပါသည်။ (၂) ရက်ခြား၍ ခူးဆွတ်နိုင်ပါသည်။ ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် အနည်းဆုံး ၄၀၀ ကျပ် နှင့် အမြင့်ဆုံး ၁၀၀၀ ကျပ် ရရှိနိုင်ပါသည်။

**သီးနှံအထွက်နှုန်း**

စပ်မျိုး များသည် ၁ ဧကလျှင် ပိဿာချိန် ( ၂၅၀၀ - ၃၀၀၀)ထိ ထွက်နိုင်သည်။

### ကုန်ကျစရိတ်

- ပဲတောင့်ရှည် စိုက်ပျိုးရာတွင် ဝါးတိုင်များ ဝယ်ယူအသုံးပြုရခြင်းသည် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ပိုများစေသည်။
- ဝါးတိုင် အစားထိုးအဖြစ် တောထဲတွင် သစ်ခက်ရှာဖွေ ခုတ်မည်ဆိုပါက အလုပ်သမားစရိတ် အနည်းငယ်ဖြင့် တိုင်ရရှိမည် ဖြစ်သည်။ နောက်နှစ်များတွင်လည်း ပြန်လည် အသုံးပြု၍ ရသဖြင့် ပထမတစ်ရာသီ ရင်းနှီးမြှုပ်နှံသည်ဟု သဘောထားရပါမည်။
- ပဲတောင့်ရှည်တစ်ဧကတွင် သွင်းအားစုအနေဖြင့်(မျိုး၊ တိုင်၊ မြေသြဇာ၊ ပိုး၊ ရောဂါသတ်ဆေး) (၄၅၀၀၀၀) ခန့်ကုန်ကျပြီး၊ လုပ်သားကုန်ကျစရိတ် (အလုပ်သမားစရိတ်၊ မြေပြင်စရိတ်)အားလုံး စုစုပေါင်း (၆၀၀၀၀၀)ကျပ် ဝန်းကျင် ကုန်ကျမည် ဖြစ်သည်။ (ရေတင်ခြင်း၊ အသီး ခူးဆွတ်ခြင်း စသည့် မိသားစု လုပ်အားများကိုပါ ထည့်ပေါင်းထားခြင်း ဖြစ်ပါသည်။

မှတ်ချက် - အထွက်နှုန်း၊ သွင်းအားစု ကုန်ကျစရိတ်နှင့် လုပ်သား ကုန်ကျစရိတ်များသည် ပျော့ရွှာမြစ်ရေတင် စီမံကိန်းတွင် ၂၀၁၈ ခုနှစ် မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးခဲ့သော စိုက်ခင်းများမှ အတွေ့အကြုံများအပေါ် အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းကိန်းဂဏန်းများသည် စိုက်ပျိုးသူ၏ ပြုစုစောင့်ရှောက်မှု၊ မြေအမျိုးအစား၊ မျိုး၊ စိုက်ပျိုးချိန်၊ မြေသြဇာနှင့်အခြားသွင်းအားစုများ ထည့်သွင်းမှုပေါ်မူတည်၍ ကွာခြားမှု ရှိနိုင်ပါသည်။



# ရုံးပတီ
## စိုက်ပျိုးနည်း





## ၁ အကျဉ်းချုပ်ဖော်ပြချက်နှင့် ကြိုတင်ပြင်ဆင်ခြင်း

ရုံးပတီသည် ကြီးထွားမှုမြန်ပြီး မျိုးပေါ်မူတည်၍ စိုက်ချိန်မှ ရက်ပေါင်း ( ၄၅-၆၀)ရက်တွင် စတင်ခူးဆွတ်နိုင်သည်။ ဝင်ငွေရမြန်ပြီး ၊ တစ်ရက်ခြား (သို့) နေ့စဉ်နီးပါး ခူးဆွတ်ရသဖြင့် အဆက်မပြတ် ဝင်ငွေရသော သီးနှံတစ်မျိုးဖြစ်သည်။ ကုန်စိမ်းသီးနှံ သဘာဝအရ ဈေးနှုန်း အတက်အကျများလေ့ရှိပြီး၊ တနှစ်တာအတွင်း ဈေးနှုန်းကောင်းချိန်ကိုသာ ချိန်ဆစိုက်ပျိုးမှသာ အကျိုးအမြတ်ကောင်း ရရှိနိုင်မည်ဖြစ်သည်။ ဈေးကွက် လိုအပ်ချက် အရ မတ်၊ ဧပြီလများနှင့် အခြား ဈေးကောင်းချိန်များတွင် အသီးထွက်အောင် ချိန်၍ စိုက်ပျိုးသင့်သည်။

## ၂ ရာသီဥတုလိုအပ်ချက်

ပူနွေးသောရာသီဥတုကို ကြိုက်နှစ်သက်သော သီးနှံဖြစ်ပြီး အပူချိန် (၂၄) မှ (၃၄) ဒီဂရီ အတွင်း ပိုမို ဖြစ်ထွန်းသည်။ ညအပူချိန် အရမ်းအေးသော (၁၈ ဒီဂရီအောက်) ဒေသများမှလွဲ၍ အခြားဒေသများတွင် တနှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်။ ညအပူချိန်နိမ့်ခြင်း ၊ အရိပ်ကျခြင်း၊ ရေဝပ်ခြင်းသည် အထွက်နှုန်းကို ဆိုးဆိုးဝါးဝါး ထိခိုက်စေနိုင်သည်။

## ၃ မြေအမျိုးအစား

အစိုဓာတ်ထိန်းနိုင်သော မြေအတန်းအစား အမျိုးမျိုးတွင် စိုက်ပျိုးနိုင်သည်။ မြေအချဉ်အငံဓာတ် (၆ မှ ၇.၅) အတွင်း ကောင်းစွာ ဖြစ်ထွန်းသည်။ ရေသွင်းထုတ်ညံ့ပြီး၊ အောက်ခံမြေအမာရှိသော နေရာတွင် မစိုက်ပျိုးသင့်ပါ။ နွေရာသီတွင် စိုက်ပျိုးလျှင် ကြီးထွားမှု မြန်စေရန် လုံလောက်သောရေ ရရှိရန်နှင့် အစိုဓါတ် ထိန်းနိုင်သော မြေတွင် စိုက်ပျိုးသင့်သည်။

## ၄ မြေပြင်ခြင်း

ထယ် (၃) စပ်ထိုးပြီး ၊ မြေမွအောင် ထွန်ယက်ပါ။ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ နွားချေး တစ်ဧကလျှင် လှည်း(၁၀)စီး ထည့်ပေးပါ။ မြေငံလျှင် ပီအိပ်ချ် (၈)နှင့်အထက်တွင် ကျောက်မှုန့်ကို တစ်ဧကလျှင် (၁၀၀)ကီလို (သို့) ၄ အိတ် နှုန်းဖြင့် မြေပြင်ချိန် ထည့်ပေးပါ။

## ၅ မျိုးရွေးခြယ်ခြင်းနှင့် မျိုးစေ့နှုန်းထား

ကျောက်စိမ်းမျိုး (ဒေသမျိုး)၊ စပ်မျိုးများ ၊ အထူးသဖြင့် အထွက်ကောင်း၍ ရွက်ကြောဝါ ဗိုင်းရပ်ရောဂါ ခံနိုင်ရည်ရှိသော မျိုးများကို ရွေးချယ် စိုက်ပျိုးပါ။ စပ်မျိုးများကို စိုက်ပျိုးလျှင် မျိုးစေ့ကုန်ကျစရိတ် များသဖြင့် တစ်ကျင်းလျှင် (၂)စေ့နှုန်းဖြင့်သာ စိုက်ပျိုးသင့်ပြီး၊ တစ်ဧကလျှင် မျိုးစေ့ (၂)ကီလိုဂရမ်ခန့် လိုအပ်သည်။



စိုက်ဘောင်တွင် မြေခံမြေဩဇာထည့်သွင်းခြင်း



ရေသွင်းမြောင်းဖော်၊ မြေဩဇာ ပြန်ဖုံးခြင်း



ပေ(၂၀)ခန့်တွင် ကန့်လန့်ဖြတ် ရေသွင်းမြောင်းဖောက်ပေးခြင်း



စိုက်ဘောင်ဘေးမှ ကန့်လန့်ဖြတ်မြောင်းထားရှိပုံ

## ၆ စိုက်ဘောင်ပြင်ဆင်ခြင်း

စိုက်ဘောင် အမြင့် (၁)ပေ၊ အကျယ် (၃) ပေရှိသော ဘောင်များကို ဆွဲ၍၊ ရေသွင်းထုတ် လွယ်ကူစေရန် ပေ(၂၀) မှ ပေ(၃၀)အတွင်း ကန့်လတ်ဖြတ် ရေသွင်းမြောင်း ထားပေးပါ။

အပင်ဦးရေနှင့် ပင်ကြားတန်းကြား အကွာအဝေး (၃) ပေ အကျယ် ဘောင်ပေါ်တွင် ပင်ကြား (၁.၅ ပေ)၊ တန်းကြား (၂)ပေ ဖြင့် စိုက်ပါက တစ်ဧကလျှင် အပင်ဦးရေ (၁၁၀၀၀) ခန့်ဝင်ဆန့်သည်။

## ၇ စိုက်ပျိုးခြင်း

- စိုက်ကျင်းအနက် ၁လက်မခွဲမှ (၂)လက်မ အနက် အတွင်း တစ်ကျင်းလျှင် (၂)စေ့နှုန်း စိုက်ပျိုးပါ။
- စိုက်ပြီးလျှင် ပြီးချင်း ရေလောင်းပေးပါ။

## ၈ မြေဩဇာကျွေးခြင်း

တီစူပါမြေဩဇာနှင့် ပိုတက်မြေဩဇာကို စိုက်ဘောင်ဖော်ချိန်တွင် စိုက်တန်းတစ်လျောက် ဖြူး၍ မြေဖြင့်ဖုံးအုပ်ပေးပါ။ တီစူပါကို စိုက်ဘောင်အတွင်း (၆)လက်မ အနက်တွင် ထည့်ပေးခြင်းဖြင့် ပိုမိုထိရောက်မှုရှိသည်။ ယေဘူယျ အားဖြင့် ယူရီးယား မြေဩဇာကို မြေခံတွင် ပထမအကြိမ်၊ စိုက်ပြီး (၁)လသားခန့်တွင် ဒုတိယအကြိမ် နှင့် ပထမအကြိမ်ခူးပြီးလျှင် တတိယအကြိမ် ကျွေးပေးရန် လိုအပ်သည်။ စခူးချိန်မှ နောက်ပိုင်းတွင် ယူရီးယားကို (၃)ကြိမ် ကျွေးပေးပါက အကောင်းဆုံး ဖြစ်သည်။

### တစ်ဧကတွင် ထည့်သွင်းရမည့် မြေဩဇာနှုန်းထားများ

| မြေဩဇာအမျိုးအစား | စိုက်ဘောင်ဖော်ချိန် | စိုက်ပြီး (၁) လ | အသီးခူးဆွတ်ကာလ | စုစုပေါင်းပမာဏ |
|---|---|---|---|---|
| ယူရီးယား | ၂၅ ကီလို | ၅၀ ကီလို | ၁၀၀ ကီလို (သုံးကြိမ် ခွဲကျွေးရန်) | ၁၇၅ ကီလို |
| တီစူပါ | ၇၅ ကီလို | | | ၇၅ ကီလို |
| ပိုတက်ရှ် | ၅၀ ကီလို | | | ၅၀ ကီလို |

မှတ်ချက် - ကျောက်မှုန့်နှင့် တီစူပါ (ဖော့စဖိတ်မြေဩဇာ) ကို မည့်သည့်အချိန်တွင်မျှ ရောမကျွေးရ။



ပေါင်းရှင်းထားသော အပင်ငယ်များ



ရက် (၂၀) သား အပင်ငယ်များ

## ၉ ပေါင်းသင်မြေဆွခြင်း

- မစိုက်မီ ထယ်ထိုးထွန်မွှေ ပြုလုပ်၍ ပေါင်းမြက်များ နည်းအောင် ပြုလုပ်ပါ။
- စိုက်ပြီး(၂၀)ရက်သား အတွင်း ပေါင်းသင်မြေဆွခြင်းကို အနည်းဆုံး တစ်ကြိမ် ပြုလုပ်ပေးပါ။



## ၁၀ ရေသွင်းပေးခြင်း

ပန်းပွင့်ချိန်၊ အသီးသီးချိန်တွင် ရေငတ်လျှင် အထွက်နှုန်း ထိခိုက်စေသဖြင့် ရေမငတ်စေရန် သတိပြုပါ။ စိုက်ပြီးလျှင် ပြီးချင်း ရေသွင်းပေးပါ။ သွင်းရေသည် ဆားဓာတ်မများရန် လိုအပ်သည်။

### ရေအစက်ချ ရေသွင်းနည်းစနစ်ဖြင့် ရေသွင်းပေးခြင်း

| အပင်ကြီးထွားမှုအဆင့် | တစ်ပင်လျှင် တစ်နေ့တာ ရေလီတာ လိုအပ်မှု | ရေသွင်းရန်ကြာချိန် (ရေအစက်ချ ခေါင်းတစ်ခုမှ တစ်နာရီ ရေ(၂)လီတာ ထွက်လျှင်) |
|---|---|---|
| ပင်ပိုင်းကြီးထွားချိန် | ၂.၄ လီတာ | ၇၅ မိနစ် |
| ပန်းပွင့်ချိန်နှင့် အသီးသီးချိန် | ၇.၆ လီတာ | ၂၂၈ မိနစ် |

ရာသီဥတု၊ မြေအမျိုးအစားနှင့် ရေသွင်းစနစ်ပေါ်မူတည်၍ ရက်အပိုင်းအခြားအလိုက် ပုံမှန်ရေပေးသွင်းရမည်။ ပိုမိုကောင်းမွန်သော ရေသွင်းနည်းစနစ်များ အသုံးချခြင်းဖြင့် ရေကို ချွေတာနိုင်သည့်အပြင် ထိထိရောက်ရောက် အသုံးချရာ ရောက်ပေသည်။ ရေအစက်ချပိုက် သုံး၍ ရေသွင်းခြင်းမှာ အကောင်းဆုံးဖြစ်ပြီး အထွက်နှုန်းတိုးစေခြင်းနှင့် ရေကို ၇၀ – ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။



## ရေအစက်ချပိုက် အသုံးပြု၍ ရေသွင်းနည်း

အပင်အမြစ်ဆီသို့ ရေတိုက်ရိုက် ရရှိစေရန် ဖိအားအနည်းငယ် အသုံးပြု၍ ရေသွင်းနည်း စနစ်ဖြစ်သည်။ ၎င်းနည်းစနစ်သည် မြေအောက်ရေကို ချွေတာသုံးစွဲရာ ရောက်ပြီး၊ မြေကိုလည်း ထိထိရောက်ရောက် အသုံးချရာ ရောက်သည်။

အပင်အမြစ်ရှိရာသို့ ရေပေးနည်းစနစ်ဖြစ်ခြင်းကြောင့် မြေမျက်နှာပြင်မှ ရေငွေ့ပြန်မှု လျော့နည်းစေခြင်း၊ ရေပိုစီးဆင်းပျောက်ဆုံးမှု လျော့နည်းစေခြင်း၊ မြေတွင်းသို့ စိမ့်ယို ပျောက်ဆုံးမှု နည်းခြင်းတို့ကြောင့် သမရိုးကျ ရေသွင်းနည်းစနစ်ထက် ရေကို ၆၀ % ထိ ချွေတာနိုင်သည်။

| အကျိုးကျေးဇူးများ | အားနည်းချက်များ |
| --- | --- |
| ◆ ရေငွေ့ပျံ ပျောက်ဆုံးမှုနှင့် ဓာတ်မြေဩဇာ ယိုစိမ့်မှုနည်းခြင်း<br>◆ ညီညာသော ရေပေးဝေမှုရှိခြင်း မြေအနက်ထဲသို့ ယိုစိမ့်မှု နည်းခြင်း<br>◆ မြေမျက်နှာပြင် ညီညာရန် မလိုအပ်ခြင်း<br>◆ မြေအတန်းစား အမျိုးမျိုးနှင့် သီးနှံအမြစ် ဆင်းမှုပုံစံ အမျိုးမျိုးတွင် လိုက်ဖက်မှုရှိခြင်း<br>◆ အမြစ်ဇုံတွင် အစိုဓာတ်ကို ထိန်းထားနိုင်ခြင်း<br>◆ ပေါင်းပေါက်ရောက်မှုကို လျော့နည်းစေခြင်း<br>◆ အခြင်းရေသွင်းနည်းစနစ်ထက် လုပ်အား ကုန်ကျမှု သက်သာခြင်း | ◆ အရင်းအနှီးစရိတ် ကုန်ကျမှုများခြင်း<br>◆ နေအပူဒဏ်ကြောင့် ပိုက်သက်တမ်း လျော့နည်းခြင်း<br>◆ ရေစစ်အသုံးမပြုလျှင်၊ ပုံမှန်ထိန်းသိမ်းမှု မရှိလျှင် ပိုက်များတွင် ပိတ်ဆို့မှု ရှိခြင်း<br>◆ ရိတ်သိမ်းပြီးနောက်တွင် ရေအစက်ချပိုက်ကို သန့်ရှင်းရသည့် အတွက် အပို ကုန်ကျခြင်း<br>◆ သေချာတပ်ဆင် အသုံးမပြုလျှင် ရေ၊ အချိန် အလဟဿ ဖြစ်ခြင်း |







## ၁၁ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

### ဖြုတ်စိမ်းနှင့်ယင်ဖြူ

- တနစ်ပတ်လုံးကျရောက်ပြီး၊ မိုးတွင်းကာလတွင် ပေါက်ပွားမှု ပိုများသည်။
- အရွက်အောက်မျက်နှာပြင်တွင် နေထိုင်၍ ပင်ရည်ကို စုပ်ယူစားသောက်သည်။
- ဖျက်ဆီးခံရသည့် လက္ခဏာမှာ အရွက်များ အဝါရောင်ပြောင်းခြင်း၊ အရွက်နားများ အညိုရောင်ပြောင်းပြီး ခြောက်သွေ့သွားခြင်း ဖြစ်ပေါ်သည်။
- အဝါရောင် ပိုးထောင်ခြောက်သည် ဖြုတ်စိမ်းနှင့်ယင်ဖြူဦးရေကို လျော့နည်းစေရန် အထိရောက်ဆုံးနည်း ဖြစ်သည်။
- တမာပိုးသတ်ဆေး၊ တမာစေ့ကြိတ်ဖက်စစ်ရည်ကို အပင်ငယ်စဉ်ကတည်းက ကြိုတင်ကာကွယ်သည့် အနေဖြင့် တစ်ပတ်တစ်ကြိမ်နှုန်း ဖျန်းပါ။
- ပင်လုံးပြန့် အာနိသင်ရှိသော သိုင်ရာမီသိုဇန်၊ အေမီဒါကလိုပရစ်၊ ဒိုင်နိုမီသီရမ် ပိုးသတ်ဆေးများကို ပိုးကျရောက်မှု အပေါ်မူတည်၍ (၁ - ၂)ပတ်လျှင် တစ်ကြိမ် အသုံးပြုပါ။
- အဝါရောင် ပန်းပွင့်ရှိသော နေကြာ၊ ချစ်တီးပန်း တို့နှင့် တွဲဖက်စိုက်ပါ။




## အညွန့်နှင့် သီးတောင့်ထိုးပိုး

- အညွန့်၊ အဖူး၊ ပန်းပွင့် ၊ သီးတောင့်ငယ်များတွင်းသို့ ပိုးလောက်ကောင်မှ ဝင်ရောက်၍ နေထိုင်စားသောက်သည်။
- အသီးတောင့်များမှာ ပုံစံပျက်၍၊ တွင်းငယ် အဝတွင် ပိုးလောက်၏ ချေးများကို တွေ့ရသည်။
- ဖျက်ဆီးခံရသော အညွန့် များမှာ ညှိုးနွမ်းကာ သေသွားသည်။
- ညအခါတွင် မီးထောင်ခြောက်ကို တစ်ဧကလျှင် (၅)နေရာ ထွန်းပါ။
- တမာပိုးသတ်ဆေး၊ ပရိုပီနိုဖော့၊ ဖစ်ပရိုနေး၊ အီမာမက်တင် ဘင်ဇိုအိတ် နှင့် အခြား ပိုးသတ်ဆေးများ ပက်ဖျန်းပါ။

## ရွက်ကြောဝါ ဗိုင်းရပ်ရောဂါ

- ရွက်ကြော တစ်ခုလုံး အဝါရောင်သို့ပြောင်းလဲသွားသည်။
- ရောဂါဆိုးရွားလျှင် အရွက်ငယ်များ အဝါရောင်သန်းပြီး အပင်ကြီးထွားမှု ရပ်တန့်ခြင်း၊ ပန်းမပွင့်ခြင်း၊ အသီးဖြစ်ပေါ်လာလျှင် မာကျောသော အသီးငယ်များသာ ဖြစ်ပေါ်လေ့ရှိသည်။
- ယင်ဖြူကြောင့် တစ်ပင်မှ တစ်ပင်သို့ ကူးစက်မှု ဖြစ်ပွားသည်။
- အပင်ငယ်စဉ် ပေါင်းကင်းစင်အောင် ဆောင်ရွက်ပါ။
- ၎င်းဗိုင်းရပ်ရောဂါကို ကုသရန် ဆေးမရှိပါ။
- စတွေ့လျှင် တွေ့ချင်း နှုတ်ပစ်၍ မီးရှို့ဖျက်ဆီးပါ။
- ခံနိုင်ရည်ရှိသော မျိုးကို ရွေးချယ် စိုက်ပျိုးပါ။
- ယင်ဖြူဦးရေ နည်းပါးအောင် ဆောင်ရွက်ပါ။


ဖားဥမှို ရောဂါ လက္ခဏာ


ရွက်ကြောဝါ ဗိုင်းရပ်ရောဂါ



၁၂

## ခူးဆွတ်ခြင်း

- အသီးတောင့်ကို ချိုးလျှင် ကျွတ်ဆတ်ပြီး၊ အလွယ်တကူချိုး၍ ရသော(အမျှင်ပါဝင်မှုနည်း) အချိန်တွင် ခူးဆွတ်သင့်သည်။
- မျိုးပေါ်လိုက်၍ ကွာခြားမှု အနည်းငယ် ရှိနိုင်သော်လည်း ပန်းပွင့်ပြီး (၅ - ၆)ရက်ပြည့်ချိန်တွင် ခူးဆွတ်ပါ။
- အထွက်နှုန်းမလျော့ကျစေရန် သီးတောင့်များ မရင့်မှည့်မီ ခူးဆွတ်ရန် လိုအပ်သည်။
- ခူးဆွတ်ပြီး အသီးများ အပူမလောင်စေရန် လေဝင်ထွက်ရှိသော မြွေရေခွံအိတ် အကျဲ (ကြက်သွန်နီထည့်အိတ်) အိတ်များတွင် ထည့်ပါ။

## မျိုးစေ့ထုတ်ယူခြင်း

ဒေသမျိုးကိုသာ မျိုးခံပင်အဖြစ် အသုံးပြုနိုင်သည်။ ရောဂါကင်း၍ မျိုးမှန်သော၊ ကျန်းမာသန်စွမ်းသော အပင်များကို ပန်းမပွင့်အချိန်ကတည်းက မှတ်သားပါ။ မျိုးခံပင်မှ အသီးများကို မခူးဆွတ်ဘဲ မျိုးအတွက် သီးသန့်ချန်ထားပါ။ သီးတောင့်များ အညိုရောင်ပြောင်းလဲသည်နှင့် ခူးဆွတ်ပြီး နေလှန်း၍ မျိုးစေ့ကို လက်ဖြင့် ထုတ်ယူပါ။ ကောင်းစွာ ခြောက်သွေ့ပြီးနောက် လေလုံသော သံပုံး၊ ဖန်ဘူး ၊ပုံးများ ထဲသို့ ထည့်၍ အေး၍ ခြောက်သွေ့သော နေရာတွင် သိုလှောင်ပါ။

## သီးနှံအထွက်နှုန်း

တစ်ဧကလျှင် ပိဿာချိန် (၂၀၀၀ - ၂၅၀၀) ထိ ထွက်ရှိနိုင်သည်။ အပင်ပြုစုစောင့်ရှောက်မှု၊ မြေအမျိုးအစား၊ စိုက်ပျိုးချိန်ပေါ် မူတည်၍ အထွက်နှုန်းကွာခြားမှု ရှိနိုင်သည်။ တစ်ပိဿာလျှင် အနည်းဆုံး (၄၀၀)ကျပ်မှ အများဆုံး (၁၅၀၀)ကျပ်ထိ ရရှိနိုင်ပါသည်။

## ကုန်ကျစရိတ်

တစ်ဧကလျှင် သွင်းအားစု ကုန်ကျစရိတ်အနေဖြင့် (၅၀၀၀၀၀) ကျပ် ဝန်းကျင်ခန့်ရှိပြီး၊ လုပ်အားခ အနေဖြင့် (၄၀၀၀၀၀) ကျပ်ခန့် ကုန်ကျမှု ရှိသည်။ သွင်းအားစုများထဲမှ မျိုးစေ့ (စပ်မျိုးကို အသုံးပြုလျှင်) သည် အကုန်ကျဆုံး ဖြစ်ပြီး တစ်ဧကလျှင် မျိုးစေ့ (၂) ကီလို အတွက် (၁၂၀၀၀၀ - ၁၅၀၀၀၀) ခန့် ကုန်ကျမှု ရှိသည်။







IWMI
International Water Management Institute

ICRISAT

SEPS

welt hunger hilfe

## Livelihoods and Food Security Trust Fund

LIFT

UKaid from the British people

European Union

Australian Aid

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC

DANIDA

USAID FROM THE AMERICAN PEOPLE

Government of the Netherlands

SWEDEN

afd AGENCE FRANÇAISE DE DÉVELOPPEMENT

GRAND DUCHY OF LUXEMBOURG

DEVELOPMENT COOPERATION

NEW ZEALAND Aid Programme

Irish Aid
Rialtas na hÉireann
Government of Ireland

မှ ရန်ပုံငွေ ပံ့ပိုးသည်